# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အမျိုးသမီးဆိုင်ရာ အချက်အလက်

## ဖေဖော်ဝါရီလအတွင်း အမျိုးသမီး (၆၆) ဦး သေဆုံးခဲ့သည်။

အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန်ကြိုးပမ်းမှုသည် (၄) နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ်နှင့်အမျှ အသက်ဆုံးရှုံးနေရသည်။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှ (၂၈) ရက်နေ့ အတွင်း အမျိုးသမီး (၆၆)ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့် မှတ်တမ်းတင်မှုများအပြင် မြေပြင်မှအချက်အလက်ကောက်ယူထားမှုများကို ပြန်လည်စုစည်းတင်ပြထားခြင်းဖြစ်သည်။
သို့သော် လက်တွေ့မြေပြင် အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့်သတင်းအချက်အလက်များကို လက်လှမ်းမီရန် အခက်ခဲများစွာရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍များနိုင်ပါသည်။


၆၆

သေဆုံးသူ


၆၈

ထိခိုက်ဒဏ်ရာရသူ







# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာမှတ်တမ်းတင်ထားမှုများ အရ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၆၆)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၄၅)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၁)ဦး နှင့် မီးရှို့သတ်ဖြတ်မှုကြောင့် (၂) ဦး၊ အကျဉ်းထောင်တွင်း ဆေးကုသခံယူမှု မရရှိခြင်းကြောင့် (၁)ဦး နှင့် မြေမြှုပ်မိုင်းကြောင့် (၇) ဦးတို့ ဖြစ်ပါသည်။ အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီး (၆၆)ဦးထဲမှ (၁၃)ဦးသည် အသက် (၁၈)နှစ်အောက်များဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၆၈)ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၄၁)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၂၁)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၅)ဦး၊ နှင့် အကြောင်းမဲ့ရိုက်နှက်ခံရခြင်းကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။

# တိုင်းနှင့်ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်းဒေသကြီးမှ (၂၁) ဦး၊ ရှမ်းပြည်နယ် နှင့် မကွေးတိုင်းဒေသကြီးတို့မှ (၉) ဦး၊ မန္တလေးတိုင်းဒေသကြီးမှ (၈) ဦးတို့ ဖြစ်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။

**မြန်မာ့အမျိုးသမီးသမဂ္ဂ**

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org